# ရေရှည်တည်တံ့သော
# စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ
# အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ
# လမ်းညွှန်




## ရေဒီယိုအစီအစဉ်အတွဲ (၈)

### အသေးစားချေးငွေလုပ်ငန်းဖြင့်
### ချင်းပြည်နယ် စိုက်ပျိုးရေးနှင့်
### အသက်မွေး ဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

International Development
Australian Broadcasting Corporation

# ရေဒီယိုအစီအစဉ်အတွဲ (၈)။ ။ အသေးစားချေးငွေလုပ်ငန်းဖြင့် ချင်းပြည်နယ် စိုက်ပျိုးရေးနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

## မိတ်ဆက်နိဒါန်း

ဤလမ်းညွှန်သည် ရေဒီယို ပညာပေးဇာတ်လမ်းကိုအသုံးပြုပြီး "လှူက်ရည်ကြမ်းစကားဝိုင်း" တစ်ခု ပြုလုပ်ရာတွင် ဦးဆောင်ဆွေးနွေးသူများအတွက် လိုအပ်သော ဆွေးနွေးပွဲလမ်းညွှန်ချက်များကို ဖော်ပြထားသည်။ ဤလမ်းညွှန်ချက်ကို မြန်မာ့အသံ အစီအစဉ်နှင့် တွဲဖက်အသုံးပြုရမည်။ ဝိုင်းဖွဲ့ဆွေးနွေးပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ရေဒီယိုအစီအစဉ်မှတစ်ဆင့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များကို ကျေးလက်နေ ပြည်သူများအား သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ ဖြန့်ဝေပေးရန် ဖြစ်ပါသည်။

## ရည်ရွယ်ချက်များ

ဤစကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြီးနောက် ပါဝင်ဆွေးနွေးသူများသည် အောက်ဖော်ပြ အကြောင်းအရာများနှင့် စပ်လျဉ်းသော ၎င်းတို့၏ ဗဟုသုတများ၊ စိတ်နေသဘောထားများနှင့် အပြုအမူများဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်စေမည်။

၁။ စိုက်ပျိုးရေးနှင့် အစားအစာလုံခြုံမှုကို တိုးတက်ကောင်းမွန်စေပြီး၊ သစ်တောပြုန်းတီးမှုကို လျှော့ချပေးနိုင်သော ရွှေ့ပြောင်းတောင်ယာမှ လှေကားထစ်စိုက်ပျိုးရေးကို ပြောင်းလဲသည့် နည်းစနစ်များကို လေ့လာသိရှိစေရန်။

၂။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေပိုမိုတိုးတက်ကောင်းမွန်စေရန် အသေးစားချေးငွေများ ရရှိရန်နှင့် ချေးငွေကို အမျှော်အမြင်ရှိစွာ စီမံခန့်ခွဲတတ်မှု အရေးကြီးပုံကို သိရှိစေရန်။

၃။ ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို နားလည်သိရှိစေရန်။

| | |
|---|---|
| **ဦးဆောင်ဆွေးနွေးသူ။** | ။အစိုးရဌာနများမှ ကျေးလက်ဖွံ့ဖြိုးရေးဝန်ထမ်းများ၊ အရပ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ |
| **ဆွေးနွေးမည့်နည်းစနစ်။** | ။အုပ်စုဖွဲ့ဆွေးနွေးခြင်း (လက်ဖက်ရည်ကြမ်းစကားဝိုင်း) |
| **ပါဝင်ဆွေးနွေးမည့်သူ။** | ။၅ ဦး အနည်းဆုံး (လယ်သမား၊ လယ်ယာလုပ်သား၊ ကျေးရွာသူကျေးရွာသား) |
| **ကြာမည့်အချိန်။** | ။၁ နာရီ ၂၀ မိနစ် |
| **လိုအပ်သောပစ္စည်း။** | ။CD Player ၊ ပိုစတာဆိုဒ် စာရွက်အကြီး၊ Marker မှတ်စုစာအုပ်နှင့် ဘောပင် |

---

## ဆွေးနွေးပွဲ အစီအစဉ်

### အခန်း ၁။ ။ မိတ်ဆက်ခြင်း (၁၀ မိနစ်)

- ဦးဆောင်ဆွေးနွေးသူ (The moderator) သည် ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ အချင်းချင်း မိတ်ဆက်ခြင်းဖြင့် ဆွေးနွေးပွဲကို စတင်ပါ။ (တစ်ဦးချင်း ၎င်းတို့၏ နေရပ်လိပ်စာနှင့် အသက်မွေးဝမ်း ကြောင်း လုပ်ငန်းကို ပြောပါစေ။)

- ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူတစ်ဦးချင်းစီကို ဤဆွေးနွေးပွဲတတ်ရောက်ခြင်းမှ ၎င်းတို့ ရရှိ မည်ဟု မျှော်လင့်ထားသော တစ်စုံတစ်ရာကို မေးမြန်းဆွေးနွေးပါ။

- ဦးဆောင်ဆွေးနွေးသူက ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဆွေးနွေးပွဲပြီးသည့်အခါ ပါဝင်ဆွေးနွေးသူများသည် အထက်တွင် ဖော်ပြထားသော ရည်ရွယ်ချက်များအတိုင်း သတင်းအချက်အလက်များ ရရှိသွားလိမ့်မည်ဟု ရှင်းလင်းပြောဆိုရန် ဖြစ်သည်။

- ထို့နောက် ဆွေးနွေးပွဲအစီအစဉ်ကို ရှင်းပြပါ။

**အခန်း ၂။ ။ ပူးပေါင်းစဉ်းစားခြင်း (၁၀ မိနစ်)**

- မိတ်ဆက်ခြင်းပြီးနောက် ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူများ လိုအပ်သော သတင်းအချက် အလက်များကို ပဏာမသိရှိနိုင်ရန် အောက်ပါ ယေဘုယျဆန်သော မေးခွန်းများကို တစ်ဦးချင်း မေးခြင်း စူးစမ်းလေ့လာ ကြည့်ပါ။

(က) လက်ရှိ အသုံးချသော စိုက်ပျိုးနည်းစနစ်များနှင့် သီးနှံထွက်ရှိမှုအပေါ် သင့်အနေဖြင့် ကျေနပ်မှုရှိပါသလား။

(ခ) ဤဒေသမှ တောင်သူများ အဓိက ရင်ဆိုင်ရသည့် အခက်အခဲများက အဘယ်နည်း။

(ဂ) စိုက်ပျိုးနည်းစနစ်သစ်များကို သင်ယူလေ့လာရန်နှင့် စမ်းသပ်ရန် စိတ်ဝင်စားပါ သလား။ (အဘယ်ကြောင့် စိတ်ဝင်စားသနည်း၊ သို့မဟုတ် စိတ်မဝင်စားသနည်း)

(ဃ) တောင်သူများ စိုက်ပျိုးရေး အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်ကောင်း မွန်စေရန် မည်သည့် သတင်းအချက်အလက်များ လိုအပ်မည်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၁)**

- ❖ အခန်း (၁) တွင် ဆွေးနွေးပွဲသို့ လာရောက်သူများသည် ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေးပုံနည်းလမ်းကို သိရှိပြီ ဖြစ်သည်။
- ❖ အခန်း (၂) ၏ ရည်ရွယ်ချက်မှာ ပါဝင်ဆွေးနွေးမည့်သူများ တစ်ဦးနှင့်တစ်ဦး ပိုမို ရင်းရင်းနှီးနှီး ဖြစ်စေရန်နှင့် ဆွေးနွေးဖလှယ်လိုစိတ်များ ဖြစ်ပေါ်လာစေရန် နှိုးဆွပေးရန် ဖြစ်သည်။
- ❖ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပါဝင်ဆွေးနွေးသူများက ၎င်းတို့နေ့စဉ်ဘဝအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်နေကြောင်းကို ဦးဆောင်ဆွေးနွေးသူက နားလည်နိုင်မည် ဖြစ်သည်။
- ❖ အထက်ပါ မေးခွန်း (၄) ခုကို ဆွေးနွေးရာတွင် မေးခွန်းတစ်ခုမေးပြီးတိုင်း ပါဝင်ဆွေး နွေးသူတစ်ဦးချင်းစီ၏အဖြေများကို စာရွက်ချပ်အကြီးပေါ်တွင် ဦးဆောင်ဆွေးနွေးသူက ရေးမှတ်ရပါမည်။ ဤအဆင့်တွင် ပြန်လှန်ဆွေးနွေးခြင်း မပြုရပါ။

**အခန်း ၃။ ။ "အသေးစားချေးငွေလုပ်ငန်းဖြင့် ချင်းပြည်နယ် စိုက်ပျိုးရေးနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး" ရေဒီယိုအစီအစဉ်ကို နားထောင်ခြင်း (၂၀ မိနစ်)**

- ဦးဆောင်ဆွေးနွေးသူသည် ဤရေဒီယိုအစီအစဉ် အကြောင်းအရာကို အကျဉ်းမျှ ရှင်းပြပါ။ ထိုသို့ ရှင်းပြရာ တွင် အောက်ပါအချက်များ ပါဝင်ပါစေ။

    - ဤရေဒီယိုအစီအစဉ်သည် ချင်းပြည်နယ်၊ ဟားခါးမြို့တွင် အသေးစားငွေချေးလုပ်ငန်း အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ခြင်းဖြင့် စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်ကောင်းမွန်လာပုံအကြောင်း တင်ပြထားပါသည်။ ဤအစီအစဉ်တွင် ချင်းတောင်သူများသည် ရွှေ့ပြောင်းတောင်ယာမှ လှေကားထစ် စိုက်ပျိုးရေးသို့ ပြောင်းလဲ လုပ်ကိုင်ခြင်းဖြင့် သစ်တောပြုန်းတီးမှုလျော့ချခြင်း၊ အစားအစာ ဖူလုံမှု တိုးမြှင့်ဆောင်ရွက် ခြင်းအပြင် အသေးစားချေးငွေများ ရယူခြင်းဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရရှိမှု တိုးတက်ကောင်းမွန်လာပုံကို တင်ပြထားပါသည်။

- ထိုနောက် ရေဒီယိုဇာတ်လမ်းအစီအစဉ်ကို ဖွင့်ပြပြီး၊ သေချာအာရုံစိုက်နားစဉ်ရန် တိုက်တွန်းပါ။ နားထောင်နေစဉ်အတွင်း ၎င်းတို့မေးမြန်းဆွေးနွေးလိုသော အကြောင်းအရာများကို စဉ်းစား ထားရန် တိုက်တွန်းပါ။

- ရေဒီယိုအစီအစဉ်ကို နားဆင်ပြီးနောက် ဦးဆောင်ဆွေးနွေးသူက တစ်ဦးချင်းစီကို ၎င်းတို့၏ မှတ်မိသမျှ သတင်းအချက်အလက်များအား မေးမြန်း၍ မှတ်တမ်းတင်ပါ။

**အပိုင်း ၄။ ။ ရေဒီယိုအစီအစဉ် နားဆင်ပြီးနောက် လေ့လာရရှိသော အချက်များကို ဆွေးနွေးခြင်း (၃၀ မိနစ်)**

- ပထမဆုံးအနေဖြင့် ဤရေဒီယိုဇာတ်လမ်းကို နားဆင်ပြီးနောက် မည်သည့်သတင်းအချက် အလက်များ လေ့လာရရှိခဲ့ပြီး၊ ထိုသတင်းအချက်အလက်များအပေါ် ပါဝင်ဆွေးနွေးသူများ၏ အမြင်သဘောထားများအား အုပ်စုဖွဲ့ဆွေးနွေးပါ။ ရေဒီယိုဇာတ်လမ်းမှ ၎င်းတို့ မြင်ခဲ့ကြားခဲ့ သမျှအပေါ် မေးခွန်း မေးမြန်းနိုင်ရန် အခွင့်အရေးပေးပါ။

- ဤရေဒီယိုဇာတ်လမ်းတွင် ပါဝင်ဆွေးနွေးသူများအတွက် အရေးကြီးသော ဆွေးနွေးချက်များကို စနစ်တကျ ပြန်လည်ဆွေးနွေးနိုင်ရန် ဦးဆောင်ဆွေးနွေးသူကို အထောက်အပံ့ဖြစ်စေမည့် အချက်များကို အောက်တွင် ဖော်ပြထားပါသည်။

- ပါဝင်ဆွေးနွေးသူများ၏ အရပ်ဒေသနှင့် အသက်မွေးဝမ်းကျောင်း လိုအပ်ချက်ကိုလိုက်၍ ဆွေးနွေးမှုအပိုင်းအားလုံး သို့မဟုတ် အချို့ကို ရွေးချယ်ဆွေးနွေးနိုင်ပါသည်။ ဝိုင်းဖွဲ့ဆွေးနွေးမှု ကို အထောက်အကူဖြစ်စေရန် မေးခွန်းများကို အသုံးပြုနိုင်ပါသည်။ ဦးဆောင်ဆွေးနွေးသူသည် "နောက်ဆက်တွဲ (၁) ဆွေးနွေးချက်မှတ်စုပုံစံ" ကိုသုံး၍ ဆွေးနွေးချက်များကို မှတ်တမ်းတင်ပါ။

**(၁) စိုက်ပျိုးရေးနည်းလမ်းများ တိုးတက်ကောင်းမွန်စေရန် မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာမှ လှေကားထစ်စိုက်ခင်းဖြင့် ပြောင်းလဲလုပ်ကိုင်ရာတွင် ချင်းတောင်သူများ လေ့လာရမည့် အရာများ က အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) တောင်စောင်းများတွင် လှေကားထစ်စိုက်ခင်းများ မည်ကဲ့သို့ တည်ဆောက်ရမည်ကို တောင်သူများ လေ့လာသင်ယူရန် လိုအပ်သည်။ (၂) လှေကားထစ် စိုက်ချင်းများဆီသို့ ရေသွယ်ယူသည့်နည်းစနစ်များ၊ ရေအရင်းအမြစ် ထိန်းသိမ်းသည့် နည်းစနစ်များကို သင်ယူရမည်။ (၃) မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးချင်းမှသည် ပျိုးပင်များကို ပျိုးခင်းမှ ဂဂုတစိုက် ပြောင်းရွှေ့စိုက်ပျိုးခြင်း အဆင့်ဆင့်နှင့် သဘာဝမြေဩဇာ သုံးစွဲခြင်းမှသည် ပေါင်းပင်များကို ပုံမှန်ရှင်းလင်းခြင်းအစီအစဉ်များကို သင်ယူရမည်။

**(၂) မိရိုးဖလာ စိုက်ပျိုးရေးနည်းလမ်းမှ ပြောင်းလဲခြင်းဖြင့် တောင်သူများ ရရှိမည့် အကျိုးကျေးဇူးများက အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) ရွှေ့ပြောင်းတောင်ယာကဲ့သို့မဟုတ်ဘဲ လှေကားထစ်စိုက်ခင်းသည့် အမြဲတမ်းစိုက်ခင်းဖြစ်၍ ဒေသတွင်း အစားအစာဖူလုံရေးအတွက် စပါးစိုက်ပျိုးရန် ကောင်းမွန်သည့်အခြေအနေကို ပေးသည်။ (၂) ဒေသတွင်း စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာသဖြင့် ယခင်က အဓိကအစားအစာအဖြစ် မှီခိုအားထားနေရသော ပြောင်းဖူးကို ရောင်းချနိုင်ပြီး ဝင်ငွေတိုးတက်ကောင်းမွန်လာသည်။

**(၃) တောင်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန်နှင့် ချဲ့ထွင်နိုင်ရန် လိုအပ်သော အရင်းအနှီးများနှင့် စိုက်ပျိုးနည်းပညာများကို မည့်သည့်နေရာမှ ရယူနိုင်သနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) GRET Myanmar သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တပိုင်တနိုင် အရောင်းအဝယ်နှင့် အိမ်တွင်း ကုန်စုံဆိုင်ကလေးများ ဖွင့်လှစ်ရာတွင် ရင်းနှီးမြုပ်နှံနိုင်ရေးအတွက် အသေးစားချေးငွေများကို ကူညီပံ့ပိုးလျက် ရှိသည်။ (၂) CORAD အဖွဲ့သည် စိုက်ပျိုးရေး နည်းလမ်းများ တိုးတက်ကောင်းမွန်စေရန် သင်တန်းများပေး၍ ကူညီဆောင်ရွက်လျက်ရှိသည်။

**(၄) ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန် အသေးစားချေးငွေ အစီအစဉ်ကို မည်ကဲ့သို့ ဆောင်ရွက်ထားသနည်း။ ထိုအစီအစဉ်မှ မည်သူတွေ အကျိုးခံစားနေရသနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) GRET Myanmar ၏ အုပ်စုလိုက်ချေးငွေအစီအစဉ်သည် လူ (၅) ဦးပါဝင်သော အုပ်စုကို ဖွဲ့စေပြီး၊ တစ်ဦးကိုတစ်ဦး အပြန်အလှန်တာဝန်ခံသည့်ပုံစံဖြင့် ငွေချေးသည်။ (၂) အသေးစားချေးငွေကို ငွေရင်းနှင့်အတိုးကို အချိန်မှန်ပြန်လည်ပေးဆပ်သည့် အထောက်အထားရှိသော တောင်သူ တစ်ဦးချင်းစီအား ချေးပေးသည်။ (၃) မိမိအိမ်ခြံဝန်းအတွင်း မွေးမြူရေးလုပ်ခြင်း သို့မဟုတ် ကုန်စုံဆိုင်တည်ထောင်ရန် ချေးငွေရယူသူများတွင် အမျိုးသမီးများ အများဆုံးဖြစ်၍ အကျိုးကျေးဇူး ခံစားရသည်/

**(၅) မြန်မာနိုင်ငံ၏ အခြားအရပ်ဒေသများနှင့်မတူပဲ ချင်းပြည်နယ်သည် စိုက်ပျိုးရေးနှင့် အစားအစာလုံခြုံမှုအတွက် အဘယ်ကြောင့် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေသနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) ချင်းပြည်နယ်သည် မြေပြန့်နည်းပါးပြီး တောင်ကုန်းတောင်တန်းများ၊ ချိုင့်ဝှမ်းများဖြင့် ပြည့်နေသည်။ (၂) ဒေသတွင်း စိုက်ပျိုးနိုင်သည့် မြေ

ရေဒီယာ နည်းပါးပြီး ရာသီဥတုမှာလည်း ပြင်းထန်သည်။ (၃) လမ်းပန်းဆက်သွယ်ရေး အခြေခံ အဆောက်အအုံ အားနည်းသဖြင့် ဒေသအတွင်း ကုန်သွယ်ရန် ခက်ခဲသည်။

**အပိုင်း ၅။ ။ ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုကို သုံးသပ်လေ့လာခြင်း (၁၀ မိနစ်)**

- ဤဆွေးနွေးပွဲ မပြီးဆုံးမီ ဦးဆောင်ဆွေးနွေးသူသည် ဆွေးနွေးပွဲအကြောင်းအရာအပေါ် ပါဝင် ဆွေးနွေး သူများ၏ အပြုအမူ သဘောထား မည်ကဲ့သို့ရှိပုံကို အောက်ပါ မေးခွန်းများ မေးမြန်း၍ အကဲဖြတ် လေ့လာရန် ဖြစ်သည်။

    - ဤရေဒီယိုအစီအစဉ်ကို ကြည့်ရှုခြင်းဖြင့် မည်သည့် သတင်းအချက်အလက်များ ရရှိခဲ့ပါ သနည်း။ ထိုသတင်းအချက်အလက်များသည် သင့်အတွက် အသုံးဝင်ပါသလား။ အဘယ် ကြောင့်နည်း။
    - သင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပိုမိုတိုးတတ် ကောင်းမွန်ရေးအတွက် အခြား မည်သည့် သတင်းအချက်အလက်များ လိုအပ်ပါသနည်း။
    - ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့် သုံးရန် ရှိပါသလား။ အကြောင်းရင်းကို ရှင်းလင်းပြပါ။
    - ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့် သုံးရန် မည်သည့် အတားအဆီးအခက်အခဲများ ရှိပါသလဲ။
    - ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့် သုံးရန် သင့်ကို အထောက်အပံ့ဖြစ်စေမည့် အရာတွေက အဘယ်နည်း။

- ဒေသခံပြည်သူများသည် ၎င်းတို့လိုအပ်သော သတင်းအချက်အလက်များ ဆက်လက်ရရှိစေ ရန် အထက်ပါမေးခွန်းများ၏ အဖြေများကို အခြားပညာပေးလုပ်ငန်းများအတွက် ပြန်လည် အသုံးချနိုင်ရန် မှတ်တမ်းထားရှိပါ။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၂)**

ဤရေဒီယိုအစီစဉ်တစ်ခုကို အသုံးပြု၍ စကားဝိုင်းဆွေးနွေးပွဲတစ်ခု ပြင်ဆင်ရာတွင် ဦးဆောင် ဆွေးနွေးသူသည် အောက်ပါ တို့ကို ကြိုတင် ပြင်ဆင်ထားရန် လိုအပ်သည်။

- ✓ ရေဒီယို အစီအစဉ်ပါ အကြောင်းအရာအတွက် သင့်လျော်သော နားစဉ်သူအုပ်စုကို ကြိုတင် စုစည်းထားပြီး၊ ဆွေးနွေးပွဲမတိုင်မီ ၎င်းတို့အား ကြိုတင်အကြောင်းကြားထားရန်။
- ✓ အကယ်၍ နားစဉ်သူအုပ်စုသည် တိုင်းရင်းသားများဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူသည် ဒေသ ဘာသာစကားကို မပြောနိုင်ပါက ဒေသခံ ဘာသာစကားပြောဆိုနိုင်သူတစ်ဦးကို ဘာသာ ပြန်ပေးရန် ကြိုတင်ပြင်ဆင်ထားပါ။
- ✓ နားစဉ်သူများ အလွယ်တကူ လာရောက်နိုင်သည့် အဆင်ပြေသောနေရာတွင် လုပ်ဆောင် ရန် ဆုံးဖြတ်ပါ။
- ✓ ဆွေးနွေးပွဲတွင် အသုံးပြုမည့် ပစ္စည်းများ (ဥပမာ - ရေဒီယိုအသံဖိုင် ဖွင့်ပြနိုင်သည့် စက် ကရိယာ) ဆွေးနွေးပွဲ ကျင်းပသည့်နေရာတွင် ရရှိနိုင်ခြင်းရှိမရှိနှင့် မရရှိနိုင်ပါက ဦးဆောင် ဆွေးနွေးသူမှ ၎င်းနှင့်အတူတကွ ယူဆောင် လာရန် ဖြစ်သည်။
- ✓ ဆွေးနွေးချက်များကို မှတ်တမ်းတင်နိုင်ရန်နှင့် အနာဂတ်ဆွေးနွေးပွဲများအတွက် ပိုမိုကောင်း မွန်စွာ ဆောင်ရွက်နိုင်ရန် အသံဖမ်းစက်ဖြင့် သို့မဟုတ် မှတ်စုစာအုပ်ဖြင့် မှတ်တမ်းတင်ရန် လိုအပ်သည်။

## ဦးဆောင်ဆွေးနွေးသူအတွက် ရည်ညွှန်းကိုးကားချက်

## အသေးစားချေးငွေလုပ်ငန်းဖြင့် ချင်းပြည်နယ် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

**ဇင်ဝိုင်း။** ။သောတရှင်များခင်ဗျာ။ ဒီတစ်ပတ်အစီအစဉ်ကနေ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ချင်းပြည်နယ်မှာရှိတဲ့ ချင်းတောင်သူတွေအတွက်အစားအစာနဲ့ဝင်ငွေတွေကို ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအားဖြင့် အဓိကရရှိနေတယ်ဆိုတဲ့အကြောင်း၊ ဒါပေမယ့် အဲဒီရွှေ့ပြောင်းတောင်ယာစနစ်ဟာ မြေဆီမြေသြဇာအရည်အသွေး ကျဆင်းခြင်းနဲ့ အထွက်နှုန်းအပါအဝင် သဘာဝပတ်ဝန်းကျင်ကိုပါထိခိုက်ပျက်ဆီးစေတဲ့ အတွက်ကြောင့်၊ လှေကားထစ် စိုက်ပျိုးရေးစနစ်ကို ပြောင်းလဲလုပ်ကိုင်ခဲကြပါတယ်။ ပြောင်းလဲလုပ်ကိုင်တဲ့အခါမှာ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်ရလဲ၊ ဘယ်လိုအကူအညီအထောက်အပံ့တွေရရှိခဲ့တယ်၊ ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခု ဖြစ်ပေါ်လာနိုင်ဖို့ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ တွေ့ကြုံနေရပြီးတော့ အသေးစားငွေချေးပေါ်မှာ ဘယ်လိုမှီခိုမှုပြုနေရသလဲ ဆိုတာတွေကို မြန်မာ့အသံရဲ့ အကြီးတန်း အယ်ဒီတာ မနွဲ့နွဲ့ခိုင်က ချင်းပြည်နယ်သို့ ကိုယ်တိုင်သွားရောက်လေ့လာ မေးမြန်းထားတာတွေကို ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။

**နွဲ့နွဲ့ခိုင်။** ။ သောတရှင်များရှင်။ လှေခါးထစ်စိုက်ပျိုးနည်း ပေါ်ပေါက်လာတဲ့အခါမှာ လှေခါးထစ်တူးဖော်ပြီး စပါးစိုက်ပျိုးလာကြတဲ့အတွက် အစာဖူလုံမှုရှိလာပြီး ယခင်က စားတဲ့ပြောင်းဖူးကို ပြန်လည်ရောင်းချခဲ့တာ ဖြစ်တဲ့အတွက် ပုံမှန်ဝင်ငွေရရှိလာခဲ့ပါတယ်။ ဒါကြောင့် လက်ရှိအချိန်မှာ GRET နဲ့ ဒေသခံ NGO အဖွဲ့တစ်ခုဖြစ်တဲ့ CORAD တို့က တောင်သူတွေကို လှေခါးထစ်စိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲစိုက်ပျိုးနိုင်ရန် ချင်းပြည်နယ် မြောက်ပိုင်းရှိ ကျေးရွာပေါင်း (၁၈၅) ရွာတွင် လှေကားထစ်စိုက်ခင်းတွေကို ထူထောင်ခြင်းနှင့် အဲ့ဒီစိုက်ခင်းတွေကို ရေသွင်းစိုက်ပျိုးတဲ့ စိုက်ပျိုးရေးသင်တန်းပေး အစီအစဉ်တွေကိုလည်း ဒေသခံတောင်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ အစားအစာဖူလုံမှုတိုးတက် ကောင်းမွန်လာစေရန် ကူညီလုပ် ဆောင်ပေးနေတယ်လို့ ဒေသခံ NGO အဖွဲ့တစ်ခုဖြစ်တဲ့ CORAD လို့ခေါ်တဲ့ တောင်ဇလပ်ပန်းများ လူမှုရေးအဖွဲ့မှ Operation Manager ဦးကီးလ်သူက အခုလိုပြောပါတယ်။

**ဦးကီးလ်သူ။** ။ လှေကားထစ်တူးမယ်ဆိုရင် ဘယ်လိုလှေကားထစ်တူးမလဲဆိုတဲ့ ပုံစံလေးတွေ သင်ပေးတယ်။ နောက် ရေအရင်းအမြစ်ကို ဘယ်လိုထိန်းသိမ်းပေးမလဲ၊ ရေကိုဘယ်လိုသွယ်ယူရမလဲ၊ ဘယ်လိုတွက်ချက်မလဲ၊ ဘယ် လိုသွယ်နိုင်သလဲဆိုတာ သင်ပေးတယ်။ SRI ဆိုတာ ပျိုးသက်နုလေးကို တစ်ပင်ချင်း စိုက်တဲ့စနစ်ပါပဲ။ ပထမအဆင့် က မျိုးစေ့ကို သေချာရွေးတဲ့စနစ်။ မျိုးစေ့ကို ဘာနဲ့ရွေးသလဲဆိုတော့ ရေနဲ့ ကြက်ဥနဲ့ ဆားနဲ့ မျိုးစေ့ကို သန့်အောင်ရွေး တယ်။ နောက်တစ်ချက် ပျိုးခင်းမှာလည်း စနစ်တကျပျိုးကောင်းအောင် သဘာဝမြေဆွေးလိုဟာမျိုး၊ နောက်တစ်ချက်က ပျိုးနှုတ်တဲ့အခါမှာ ဂရုစိုက်ရမယ့်အချက်တွေရှိတယ်။ ပုံမှန်နှုတ်တဲ့အတိုင်းမဟုတ်ပဲနဲ့ ဂေါ်ပြားလေးနဲ့ အမြစ်တွေ မနာအောင်ကော်ပြီးတော့ မိနစ် (၃၀) အတွင်း ပြန်စိုက်ရတယ်။ နလန်ထူတာ မြန်တာပေ့ါနော်။ ပြောင်းစိုက်တဲ့အချိန် မှာ ရေက ဆိုရုံကလေးပါပဲ။ ပေါင်းရှင်းတာ (၁၅) ရက် တစ်ကြိမ်နဲ့ အနည်းဆုံး (၃) ကြိမ်လောက်ရှင်းသင့်တယ်ပေ့ါ နော်။ အဲ့လိုလုပ်တယ်ဆိုရင်တော့ အထွက်က အများကြီးတိုးတက်တယ်။

**နွဲ့နွဲ့ခိုင်။** ။ ပြင်သစ်နိုင်ငံက GRET အကူအညီဖြစ်တဲ့ အသေးစားချေးငွေလုပ်ငန်းကလည်း ချေးငွေအမျိုးအစား အကြောင်းကို အခုလို ရှင်းပြပါတယ်။

**GRET။** ။ ချေးငွေနဲ့ စိုက်ပျိုးရေး မွေးမြူရေး တစ်နိုင်တစ်ပိုင်လေးတွေ လုပ်နိုင်ပါတယ်။ ချေးငွေအမျိုးအစားတွေကတော့ တစ်ခုက အုပ်စုလိုက်ချေးငွေ၊ တစ်ခုက အသေးစားလုပ်ငန်းချေးငွေပေ့ါ။ နောက်တစ်ခုကတော့ Wholesale လို့ ခေါ်ပါတယ်။ အတိုးနှုန်းက တစ်ရာကို၂ကျပ်ခွဲပါ။ အုပ်စုလိုက်ချေးမယ်ဆိုရင် အုပ်စုလိုက် ၅ဦး အဖွဲ့ ဖွဲ့ရတယ်။ နောက် အသေးစား လုပ်ငန်းချေးငွေကတော့ သူတို့အုပ်စုဖွဲ့ဖို့မလိုဘူး၊ ကျေးရွာအသေးစားချေးငွေလုပ်ငန်းမှာ

တစ်နှစ်ချေးဖူးတဲ့ သူတွေအတွက် အတိုးအရင်းဆပ်ဖူးတဲ့ ပြဿနာမရှိတဲ့လူ၊ အဲဲတာမျိုးဆိုရင် အသေးစားငွေချေးလို့ ရပါတယ်။ လေ့ကားထစ်ဆိုတာ ငွေလုံးငွေရင်းတအားများတဲ့ဟာဖြစ်ပြီးတော့ ရင်နှီးမြှုပ်နှံထားတာနည်းပါးတယ်။ ဒါပေမယ့် စိုက်ခင်းတွေမှာ မျိုးစေ့ကို များများပြန်ဝယ်နိုင်တယ်။ လုပ်အားကို များများထည့်သွင်းနိုင်တယ်။ နောက်ပြီးတော့ ကြက်တွေဝယ်ပြီး မြို့ပေါ်တက်ရောင်း၊ အဲဲဒါတွေကကျွန်တော်တို့ အထောက်အကူပြုလုပ်ငန်းတွေပေ့ါ။ ငွေကြေးများများကုန်ကျတော့ ဒီလို လေ့ကားထစ်တွေတူးတာဖေါ်တာတို့ လုပ်ကိုင်တာနည်းပါးတယ်။ နောက်ပိုင်းဆိုရင် အလတ်စားချေးငွေတွေ လာမလား။ နိုင်ငံတော်ကလည်း တအားအားပေးတော့လေ။ ကျွန်တော်တို့ တစ်ခုခု ပြန်ပြီးစဉ်းစာရ မယ်ထင်တယ်။ ရင်ဆိုင်နေရတဲ့ အခက်အခဲက လမ်းပန်းဆက်သွယ်ရေးပါပဲ။ မိုးများပြီး လမ်းပိတ်သွားတာတို့ဆိုရင် တကယ် အဆက်အသွယ်ပြတ်ပြီး ကုန်တွေသူတို့လိုချင်သလောက် မရောင်းရပါဘူး။ အဲ့ဒီတစ်ခုက အခက်အခဲထဲမှာ အကြီးဆုံးပါပဲ။

**နွဲ့နွဲ့ခိုင်။** ။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးစနစ်ကနေ လေ့ကားထစ်စိုက်ပျိုးရေးစနစ်ကို ပြောင်းလဲလုပ်ကိုင်ခြင်းအားဖြင့် သဘာဂပတ်ဂန်းကျင်နှင့် မြေဆီလွှာကို ကောင်းမွန်စွာထိန်းသိမ်းနိုင်တယ်ဆိုတဲ့ အားသာချက်တွေကို တွေ့ရှိရသလို ပြောင်းလဲလုပ်ကိုင်ခြင်းအားဖြင့် ငွေကြေးအကုန်အကျများခြင်းနဲ့ မြေယာအသုံးချမှု စည်းမျဉ်းစည်းကမ်း တွေကဲ့သို့သော စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရသလို အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍ ပါဂင်လာမှုအကြောင်းနဲ့ GRET အဖွဲ့ရဲ့ လုပ်ဆောင်ပေးနေတဲ့ ရည်ရွယ်ချက်တွေနဲ့ ပတ်သက်လို့ GRET အဖွဲ့ရဲ့ Project Manager မြူရီယယ် မောရစ်ဆင် က အခုလိုပြောပါတယ်။

**မြူရီယယ်မောရစ်ဆင်။** ။ Project မန်နေဂျာအဖြစ် ဆောင်ရွက်နေတာဖြစ်တယ်။ GRET အဖွဲ့ရဲ့ အဓိက ရည်ရွယ်ချက်က အသေးစားငွေချေးလုပ်ငန်းတွေ စတင်ဖို့အတွက် စတင်တည်ထောင်ခဲ့တယ်။ မြို့နယ် (၂၃) ခုမှာ စတင်ခဲ့တယ်။ Micro Finance Institute MFI ကိုတည်ထောင်ခဲ့တယ်။ MFI ကို အခုအခါမှာ ချင်းလူမျိုးတွေပဲ စီမံအုပ်ချုပ်တယ်။ ချေးငွေတွေကို မွေးမြူရေးကဏ္ဍတွေမှာသုံးတယ်။ ဟင်းသီးဟင်းရွက်ခြံ၊ လေ့ကားထစ်စိုက်ပျိုးရေး၊ ဈေးဆိုင်ငယ်လေးတွေ အဲဲဒီနေရာတွေမှာအသုံးပြုတယ်။ လေ့ကားထစ်စိုက်ပျိုးရေးကို ပြောင်းလဲလုပ်ကိုင်ဖို့အတွက် ဒီရေသဲစနစ်ကိုလည်း ချေးပေးတာဖြစ်တဲ့အတွက်ကြောင့် သူတို့အတွက်လည်း အထောက်အကူ ဖြစ်စေတယ်။ အရင်ကဆိုလို့ရှိရင် အမျိုးသမီး (၃၀) ရာခိုင်နှုန်းပဲပါဝင်နေပြီးတော့ အခုအခါမှာ အမျိုးသမီး (၆၅) ရာခိုင်နှုန်းအထိ ပါဝင်မှုရှိနေပြီဖြစ်ပါတယ်။ ဒီလိုမျိုးတွေရှိနေတဲ့အတွက်ကြောင့် လူတွေမှာကျန်းမာရေးပိုပြီး တိုးတက်လာပါတယ်။ အခုအခါဆိုရင် အသေးစားချေးငွေလုပ်ငန်းတွေ ချေးလာတဲ့အခါကျတော့ ငွေကြေးသုံးစွဲမှုကလည်း ပြန်ပြီး ကျွမ်းကျင် လာတယ်။ ကျန်းမာရေးကိုလည်း ပိုပြီးဂရုစိုက်နိုင်တယ်။ ဝင်ငွေရလာတဲ့အတွက်ကလေးတွေကို ကျောင်းတွေထားနိုင်တယ်။ အသေးစားချေးငွေတွေကြောင့် ရွာသူရွာသားတွေရဲ့ဘဝမှာ ကျန်းမာရေးနဲ့ပညာရေးကို အထူးတိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့တယ်။ ကြီးမားတဲ့အကြီးစားစိန်ခေါ်မှုကြီးကတော့ လူငယ်တွေက ချင်းပြည်နယ်ကနေ တခြားပိုထွက်တယ်။ အလုပ်တွေသွားလုပ်ကြတယ်။ ဒီလိုမျိုးသွားလုပ်ကိုင်တဲ့အခါမှာ သူတို့ အခက်အခဲတွေအများကြီး အခုဆိုရင် ချင်းပြည်နယ်မှာ စားနပ်ရိက္ခာဖူလုံမှုတွေ ဝင်ငွေရရှိမှုတွေကို ကြိုးစားနေကြတာ ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ စိုက်ပျိုးရေးဆိုတာ အင်မတန်ခက်ခဲတယ်။ ပထဝီအနေအထားအရဖြစ်ဖြစ် ရာသီဉတုအခြေအနေဖြစ်ဖြစ် စိုက်ပျိုးရေးဆောင်ရွက်မယ်ဆိုရင် အင်မတန်မှခက်ခဲပါတယ်။ လေ့ကားထစ်စိုက်ပျိုးရေးဆိုရင်လည်း ဒီလူငယ်တွေဟာ စိတ်မဝင်စားကြတော့ဘူး။

**နွဲ့နွဲ့ခိုင်။** ။ ချင်းပြည်နယ်မှာ များသောအားဖြင့် တောင်ကုန်းတောင်တန်းပေါ်များသလို စိုက်ပျိုးရေး လုပ်ငန်းမှာလည်း ရွှေ့ပြောင်းတောင်ယာစနစ်ကို ဒီကနေ့အချိန်အထိ လုပ်ဆောင်နေတာ ဖြစ်တဲ့အတွက် အခုဆိုရင် သစ်တောပြုန်းတီးမှု အပါအဂင် သဘာဂဘေးအန္တရာယ်ကျရောက်မှုတွေနဲ့ပါ ကြုံတွေ့နေရတာလည်း ဖြစ်ပါတယ်။ အခု စိုက်ပျိုးနေတဲ့ ကုန်စည်တွေထဲမှာ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ဂျင်း၊ ပိန်းဉ၊ စပျစ် နဲ့ ထောပတ်သီးတို့ ပါဂင်ပြီးတော့ အဲ့ဒီအထဲမှာမှ ပိန်းဉနဲ့ စပျစ်သီးဟာပိုမိုအထွက်ကောင်းပါတယ်။ အထူးသဖြင့် ဟားခါးမြို့နယ် ချွန်းကျွန်းကျေးရွာမှာ ဂျင်းထွက်ရှိပြီး အခုအခါမှာ ပိုလျှံဂင်ငွေရရှိတဲ့ အဆင့်ကို ရောက်နေပြီဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ အကြီးမားဆုံး စိန်ခေါ်မှုက လမ်းပန်းဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေး ခက်ခဲတာပဲ ဖြစ်ပါတယ်။

စိုက်ပျိုးမြေ နည်းပါးခြင်း၊ နည်းပညာပိုင်းအရ သုတေသနလုပ်ငန်းတွေမှာ အားနည်းချက်ရှိနေခြင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ နည်းပါးခြင်းတွေက နောက်ထပ် စိန်ခေါ်မှုနောက်တစ်ရပ် ဖြစ်နေတဲ့အကြောင်း ချင်းပြည်နယ် စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးမာန်ဟင်းဒါးလ်က အခုလို ပြောပြပါတယ်။

**ဦးမာန်ဟင်းဒါးလ် (ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန၊ ချင်းပြည်နယ် အစိုးရအဖွဲ့)။ ။** ကျွန်တော်တို့ ချင်းပြည်နယ်က အဆင်းရဲဆုံးဆိုပြီးတော့ နိုင်ငံတော်က သတ်မှတ်ထားတဲ့အတိုင်းဘဲ ကျွန်တော်တို့ ဘာလို့ ဆင်းရဲသလဲ။ အဓိကက လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမြေ မရှိတာရယ်၊ နောက်ပြီးတော့ နည်းပညာ မရှိတာရယ်၊ ရင်းနှီးမြှုပ်နှံမှု မရှိတာရယ်ဆိုတော့ အဲဒါတွေကို ချက်ချင်းတော့ ပြောင်းလဲလို့မရပါဘူး။ တဖြည်းဖြည်းနဲ့ အောင်မြင်အောင်လုပ်သွားမယ်။ စီမံကိန်းရေးဆွဲပြီးတော့ နိုင်ငံတော်၊ နိုင်ငံတကာ အဖွဲ့အစည်းကရော တော်တော် များများ ပံ့ပိုးမှ ၄၊ ၅ နှစ်အတွင်းမှာ အခြေခံလေးတော့ ရမယ်လို့ ယူဆတယ်။

**နွဲ့နွဲ့နိုင်။ ။** သောတရှင်များရှင် လ က်ရှိမှာတော့ ပြည်နယ်အစိုးရအနေနဲ့ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်း ဆောင်ရွက် နေပါတာကို တွေ့မြင်ရပါတယ်။ အခုကြားခဲ့ကြတဲ့အတိုင်း ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်းတွေက လည်း စိုက်ပျိုးမွေးမြူရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍတွေမှာ ဒေသခံအဖွဲ့တွေနဲ့အတူ ပူးပေါင်းဆောင်ရွက် နေတာကြောင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အရင်ကထက်တောင် ကောင်းမွန်လာမှာ ဖြစ်ပါတယ်ရှင်။

**ဇင်ဝိုင်း။ ။**သောတရှင်များခင်ဗျာ။ ပြင်သစ်နိုင်ငံအခြေစိုက် GRET အကူအညီဖြစ်တဲ့ အသေးစားငွေချေးလုပ်ငန်းက ချင်း လူမျိုးတွေရဲ့နေထိုင်ဖို့အခြေအနေနဲ့ အမျိုးသမီးကဏ္ဍကို မြှင့်တင်ခဲ့မှုအပါအဝင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးနည်းကနေ လှေကားထစ်စိုက်ပျိုးနည်းကို ပြောင်းလဲလိုက်တဲ့အတွက် ချင်းလူမျိုးတွေရဲ့အစားအစာ ဝင်ငွေ ရရှိမှုဆိုင်ရာ လုံခြုံမှုတွေနဲ့ ချင်းလူမျိုးတွေ ကြုံတွေ့နေတဲ့ စိန်ခေါ်မှုတွေအကြောင်း တွေကိုထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ကိုင်နေကြတဲ့ သောတရှင်တောင်သူဦးကြီးတွေလည်း ဒီအစီအစဉ်ကိုကြိုက်နှစ်သက် ကြမယ်လို့ ထင်ပါတယ်။ လာမယ့်သတင်းအပတ်တွေမှာလည်း ဘယ်လိုစိတ်ဝင်စားစရာ အကြောင်းအရာတွေ တင်ဆက်ပေးသွား မလဲဆိုတာစောင့်မျှော်နားဆင်ကြပါအုံးခင်ဗျာ။ သောတရှင်များအားလုံး အကြားအမြင် ဗဟု သုတ ပြည့်ဝကြပါစေ ခင်ဗျာ။

**နောက်ဆက်တွဲ (၁)။ ။ ဆွေးနွေးချက် မှတ်စုပုံစံ**

နေရာ။ ။ ________________________မြို့နယ် ၊ ကျေးရွာအုပ်စု၊ ____________________________ကျေးရွာအုပ်စု ၊ ________________________________ ကျေးရွာ

ဦးရေ။ ။ ( ) ဦး

ရေဒီယိုအစီအစဉ် အမည်။ ။ နေ့စွဲ။ ။

| စဉ် | ဆွေးနွေးသူ အမည် | ဆွေးနွေးချက်များနှင့် လေ့လာတွေ့ရှိချက်များ | ဆက်လက် ဆောင်ရွက်ရန် |
|---|---|---|---|
| | | | |